**WUNPAWNG**
**JAWNGMA HTE RAMMA HPUNG**
**ALL KACHIN STUDENTS AND YOUTH UNION**

# ဒေါ်အောင်ဆန်းစုကြည်အား ဆိုင်းငံ့ပြစ်ဒဏ် နေအိမ်အကျယ်ချုပ် (၁) နှစ်ခွဲ ချမှတ်လိုက်ခြင်းအပေါ် ပြင်းထန်စွာကန့်ကွက်ရှုံ့ချခြင်း

ခရစ်သက္ကရာဇ် ၂၀၀၉ ခု ဩဂုတ်လ ၁၁ ရက်နေ့က ရန်ကုန်မြို့ အင်းစိန်ထောင်တွင်း အထူးတရားရုံးတရားခွင်တွင် နအဖ စစ်အစိုးရက ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၇/၂၀၀၉ ဖြင့် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ တားဆီးကာကွယ်သည့် ဥပဒေ ၂၂ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ခဲ့သည်ဟု မတရားစွပ်စွဲကာ ထောင်ဒဏ် ၃ နှစ်ချမှတ်ခဲ့ပြီး ၎င်းမှ ဆိုင်းငံ့ပြစ်ဒဏ် နေအိမ် အကျယ်ချုပ် ၁ နှစ်ခွဲ ချမှတ်လိုက်ခြင်းအပေါ် ကျွန်ုပ်တို့ ကချင်တမျိုးသားလုံးဆိုင်ရာကျောင်းသားလူငယ်များသမဂ္ဂမှ ပြင်းထန်စွာကန့်ကွက်ရှုံ့ချလိုက်သည်။

နအဖ အထူးတရားရုံးတရားခွင်က ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းပပတို့ကို အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၃ နှစ် ချမှတ်ခဲ့သည်။ အမေရိကန်နိုင်ငံသား ဂျွန်ယက်တောကိုမူ ထောင်ဒဏ် ၇ နှစ် ချမှတ်ခဲ့ခြင်းဖြစ်သည်။

နအဖ စစ်အစိုးရသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးပြဿနာများအား ငြိမ်းချမ်းသောနည်းဖြင့် ဖြေရှင်းနိုင်ရန် အစဉ်တစိုက် ကြိုးပမ်းလာခဲ့သော ဒေါ်အောင်ဆန်းစုကြည်အား မတရားအပြစ်မဲ့ ထပ်မံချုပ်နှောင်လိုက်ခြင်းသည် မြန်မာနိုင်ငံ၏ နိုင်ငံရေး ပြဿနာများအား နအဖ စစ်အစိုးရက ငြိမ်းချမ်းစွာဖြေရှင်းရန် အလျဉ်းအလိုမရှိကြောင်းကို ရှင်းလင်းစွာဖေါ်ထုတ်လိုက်ခြင်း ဖြစ်သည်။

နအဖ စစ်အစိုးရသည် ၂၀၀၈ ခုနှစ်က မိမိစိတ်ကြိုက်ရေးဆွဲထားသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအား မတရား တဖက်သတ် အတည်ပြုနိုင်ရန် ပြည်သူလူထုအပေါ် ခြိမ်းခြောက်အနိုင်ကျင့်ကာ ထောက်ခံမဲများရယူခဲ့သည်။ ၎င်းတို့၏ လမ်းပြမြေပုံအတိုင်း လာမည့် ၂၀၁၀ ခုနှစ်တွင် ကျင်းပမည့် ရွေးကောက်ပွဲရလဒ်အား မိမိစိတ်တိုင်းကျ ပုံဖေါ်နိုင်ရန် ဒေါ်အောင်ဆန်းစုကြည်ကို ဖယ်ထုတ်လိုက်ခြင်းဖြစ်ပြီး တိုင်းရင်းသားပြည်သူလူထု တရပ်လုံးကလိုလားတောင့်တသော အမျိုးသားရင်ကြားစေ့ရေး အစီအစဉ်များအား လုံးဝ ကျောခိုင်းလိုက်ခြင်းဖြစ်သည်။

နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ပြည်သူလူထုတရပ်လုံးက ဒေါ်အောင်ဆန်းစုကြည် လွှတ်မြောက်ရေးအား အလေးအနက် ထား တောင်းဆိုနေကြသော ကာလမျိုးတွင် ထပ်မံ၍ ဖမ်းဆီးချုပ်နှောင်လိုက်ခြင်းက မိမိ၏အာဏာကို ဆက်လက်၍ မတရား ချုပ်ကိုင်ထားရန် လုပ်ဆောင်နေခြင်းဖြစ်သည်မှာ အထင်အရှားဖြစ်သည်။

ထို့ကြောင့် ပြည်သူလူထုတရပ်လုံးက နအဖ၏ လမ်းပြမြေပုံအဆင့်တခုဖြစ်သော ၂၀၁၀ ခုနှစ် ရွေးကောက် ပွဲအား လုံးဝ ဆန့်ကျင်သွားကြပါစို့။ ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများအား ချက်ချင်းလွှတ်ပေးပါရန် ဆန္ဒဖေါ် ထုတ်သွားကြပါစို့။

**ကချင် တမျိုးသားလုံးဆိုင်ရာကျောင်းသားလူငယ်များသမဂ္ဂ**
**၁၂ ရက် ဩဂုတ်လ ၂၀၀၉ ခုနှစ်**

Email: aksyuthai@yahoo.com, Homepage: www.aksyu.com, Fax: + 66 53 408 467